Research Institute

YCU - RI

POLICY BRIEF

# နေရပ်စွန့်ခွာရွှေ့ပြောင်းနေထိုင်ရသောသက်ကြီးရွယ်အိုများ၏ ကျန်းမာရေးစောင့်ရှောက်မှုရရှိရန် အတားအဆီးများ

**Shu**

**Policy Brief Series (2025/01)**

## တွေ့ရှိချက်အကျဉ်းချုပ်


စစ်ရှောင်စခန်းအများစုတွင် ကျန်းမာရေးဝန်ဆောင်မှုများ လက်လှမ်းမမီမှုမှာ အဓိကပြဿနာဖြစ်ပြီး ထိုသို့ဖြစ်ရခြင်းအကြောင်းရင်းမှာ အခြေခံကျန်းမာရေး စောင့်ရှောက်မှု၊ ဆေးဝါး၊ အစားအသောက် အပါအဝင် လူသားချင်း စာနာထောက်ထားမှုအကူအညီများကို ပိတ်ပင်ခံရခြင်း၊ လမ်းခရီးဝေးကွာခြင်း၊ ဘေးကင်းလုံခြုံစိတ်ချမှု မရှိခြင်း၊ ငွေကြေးခက်ခဲမှု နှင့် ကျန်းမာရေးအသိပညာနည်းပါးခြင်း စသည်တို့ကြောင့်ဖြစ်သည်။

စစ်ရှောင်စခန်းများတွင် ဆေးပေးခန်းများ သို့မဟုတ် ရွေ့လျားဆေးခန်းများကို ဖွင့်လှစ်ပြီး သက်ကြီးရွယ်အိုများ အတွက်ကျန်းမာရေးစောင့်ရှောက်မှု ပေးသင့်ကြောင်း၊ လမ်းခရီးတွင် တားဆီးပိတ်ပင်မှုများ လျော့ချပြီး စစ်ရှောင်သက်ကြီးရွယ်အိုများအတွက် န.စ.က မှ ဥပဒေနှင့်မူဝါဒချမှတ်သင့်ကြောင်း အကြံပြု ထားသည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများမှလည်း ကျန်းမာရေး အသိပညာပေး ဟောပြောပွဲများပြုလုပ်ခြင်း၊ ကျန်းမာရေး စောင့်ရှောက်မှုအတွက် ပံ့ပိုးခြင်းတို့ကို ဆောင်ရွက်သင့်ကြောင်းအကြံပြုထားသည်။

စစ်ရှောင်စခန်းခေါင်းဆောင်မှ အလှူရှင်များ၊ဒေသခံတာဝန်ရှိသူများနှင့် နှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း၊ လူငယ် စေတနာ့ဝန်ထမ်းများ၏ အကူအညီရရှိရန် ဆောင်ရွက်သင့်ကြောင်းအကြံပြုထားပါသည်။

## နိဒါန်း

မြန်မာနိုင်ငံတွင်၂၀၂၁ခုနှစ် စစ်အာဏာသိမ်းမှုဖြစ်ပွားပြီးနောက် ပြည်တွင်းတွင် နေရပ်စွန့်ခွာ ရွှေ့ပြောင်းနေရသူ အရေအတွက် များပြားလျက် ရှိသည်။ ***ရွှေ့ပြောင်းနေရသူ*** ဆိုသည်မှာ လက်နက်ကိုင်ပဋိပက္ခများ၊ အကြမ်းဖက်မှုများ၊ လူ့အခွင့်အရေးချိုးဖောက်မှုများ၊ သဘာဝ ဘေးအန္တရာယ် သို့မဟုတ် လူသားတို့၏ ပယောဂကြောင့်ဖြစ်သော ဘေးအန္တရာယ်ကြောင့် နေထိုင်ရာနေရာများမှ ထွက်ခွာလာရသူ များကို ဆိုလိုသည် (Guiding Principles on Internal Displacement - ICRC, n.d.)။ နေရပ်စွန့်ခွာနေရသူများ ထဲမှ အသက်၆၀နှင့်အထက် သက်ကြီးရွယ်အိုများသည် မိသားစုနှင့်ခွဲခွာနေရခြင်း၊ ယာယီအ ဆောက်အအုံများ တွင် နေထိုင်ရခြင်း၊ ပတ်ဝန်းကျင်အသစ်တွင် နေထိုင်ရခြင်းနှင့် အသက်အရွယ်ကြီးရင့်မှုတို့ကြောင့် ထိခိုက်လွယ်သောသူများ ဖြစ်ပါသည်။ ထို့နောက် စစ်ရှောင်စခန်းများတွင် သက်ကြီးရွယ်အိုများ၏ စားဝတ်နေရေးနှင့် ကျန်းမာရေး တို့အပေါ်တွင်လည်း သက်ရောက်မှုများ ရှိလာသည်။ ထို့ပြင် ဝမ်းလျှောရောဂါများ၊ ဝက်သက်၊ ပြင်းထန်သော အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများ (Covid-19)၊ ငှက်ဖျား၊ အခြားကူးစက်နိုင်သောရောဂါများ၊ စိတ်ပိုင်းဆိုင်ရာပြဿနာများ စသည့် ကျန်းမာရေး ပြဿနာများနှင့်ရင်ဆိုင်ကြရသည်။နိုင်ငံတော်စီမံအုပ်ချုပ်မှု ကောင်စီ (န.စ.က) ၏ အခြေခံ ကျန်းမာရေး စောင့်ရှောက်မှု၊ ဆေးဝါး၊ အစားအသောက်အပါအဝင် လူသားချင်းစာနာထောက်ထားမှု အကူအညီများကို ပိတ်ပင်ခြင်းသည် နေရပ်စွန့်ခွာ သက်ကြီးရွယ်အိုများ၏ ကျန်းမာရေးစောင့်ရှောက်မှုအပေါ် ဆိုးရွားသည့် သက်ရောက်မှုများ ဖြစ်နိုင်သည်။

၂၀၂၁ခုနှစ် စစ်တပ်အာဏာသိမ်းပြီးနောက် စစ်တပ်နှင့်စစ်အာဏာသိမ်းမှုကို လက်မခံခြင်းကြောင့် ပေါ်ထွက်လာသည့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များ အကြား တိုက်ခိုက်မှုများ မြန်မာနိုင်ငံနေရာအနှံ့အပြားတွင် ဖြစ်ပွားလျက်ရှိရာ စစ်ကိုင်းတိုင်း ဒေသကြီးသည်လည်း အပါအဝင်ဖြစ်သည်။ ထို့ကြောင့် ဤစာတမ်းအတွက် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်နှင့်ချောင်းဦးမြို့နယ် အတွင်းရှိ စစ်ရှောင်စခန်း များကို ရွေးချယ်ထားပါသည်။ မုံရွာမြို့နယ်စစ်ရှောင်စခန်း မှ သက်ကြီးရွယ်အို (၁၀)ဦးနှင့် စခန်းခေါင်းဆောင်(၁)ဦး၊ ချောင်းဦးမြို့နယ် စစ်ရှောင် စခန်းမှ သက်ကြီးရွယ်အို(၁၀)ဦး နှင့် စခန်းခေါင်းဆောင် (၁)ဦး စုစုပေါင်း (၂၂)ဦးတို့အား အင်တာဗျူးမေးမြန်း ခဲ့ပါသည်။ထိုသက်ကြီးရွယ်အိုများနှင့် စခန်းခေါင်းဆောင် များသည် စခန်းများသို့ ကျန်းမာရေး စောင့်ရှောက်မှုများ ရရှိခြင်း ရှိမရှိနှင့် လိုအပ်သော အချက်အလက်များကို တိကျစွာသိရှိနိုင်မည် ဖြစ်သောကြောင့် ရွေးချယ်၍ တွေ့ဆုံမေးမြန်းရခြင်း ဖြစ်ပါသည်။ စစ်ကိုင်းတိုင်း ဒေသကြီး အတွင်းရှိ ပဋိပက္ခဖြစ်ပွားရာ မုံရွာမြို့နယ်နှင့် ချောင်းဦးမြို့နယ် အတွင်းရှိ စစ်ရှောင်စခန်း အများစုသည် န.စ.က၏ ထိန်းချုပ်မှု အလွန်နည်းပါးလျက်ရှိပြီး ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့(ပအဖ)များ၏ ထိန်းချုပ်နယ်မြေ များတွင် တည်ရှိသည်။ ထိုစခန်းများအနေဖြင့် ကျန်းမာရေး စောင့်ရှောက်မှုများ လက်လှမ်းမီနိုင်သော အထောက်အပံ့များ ရရှိရန် ဆောင်ရွက်ပေးရန် လိုအပ်သည်။ ဤစာတမ်းသည် မုံရွာမြို့နယ်နှင့် ချောင်းဦးမြို့နယ်အတွင်းရှိ စစ်ရှောင်စခန်းများတွင် သက်ကြီးရွယ်အိုများ၏ ကျန်းမာရေးစောင့်ရှောက်ခွင့် မရရှိမှု၊ လမ်းခရီးအခက်အခဲရှိမှု၊ ငွေကြေးအခက်အခဲရှိမှု နှင့် ကျန်းမာရေးအသိပညာ အသိပညာဆိုင်ရာ သတင်းအချက်အလက် လက်လှမ်းမီမှု နည်းပါးခြင်းတို့ကို တင်ပြမည် ဖြစ်ပါသည်။

### သုတေသနရည်ရွယ်ချက်

မုံရွာမြို့နယ်နှင့်ချောင်းဦးမြို့နယ်မှနေရပ်စွန့်ခွာရွှေ့ပြောင်း နေထိုင်ရသော သက်ကြီးရွယ်အိုများ၏ လိုအပ်သော

ကျန်းမာရေး စောင့်ရှောက်မှုများကို တားဆီးနေသည့် အကြောင်းအရာ များကို သိရှိရန်။

## သုတေသနမေးခွန်း

မုံရွာမြို့နယ်နှင့် ချောင်းဦးမြို့နယ်မှ နေရပ်စွန့်ခွာ ရွှေ့ပြောင်းနေထိုင်ရသည့် သက်ကြီးရွယ်အိုများသည် မည်သည့်ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာစိန်ခေါ်မှုများ ကြုံတွေ့နေရသနည်း။ ထိုစိန်ခေါ်မှုများကို မည်သို့လျော့ချနိုင်မည်နည်း။

## နေရပ်စွန့်ခွာရွှေ့ပြောင်းနေထိုင်ရသောသက်ကြီးရွယ်အိုများ၏ကျန်းမာရေးစောင့်ရှောက်မှုရရှိရန် အတားအဆီးများ

န.စ.က လက်အောက်ရှိ မြန်မာနိုင်ငံကျန်းမာရေး ဝန်ကြီးဌာနသည် နိုင်ငံ၏ကျန်းမာရေးစောင့်ရှောက်မှု စနစ်အား ညွှန်ကြားစီမံ ကွပ်ကဲရန် တာဝန်ရှိပါသည် (Lin & Oo, 2023)။ ယခင်က မြန်မာနိုင်ငံရှိ ကျေးလက်ဒေသ များတွင်ကျေးလက်ကျန်းမာရေးနှင့် ကျန်းမာရေးဌာနခွဲ များသည် ကျန်းမာရေးစောင့်ရှောက်မှုပေးသော အဓိက အခန်းကဏ္ဍတွင်ပါဝင်သော်လည်း (HealthAge international, 2023) စစ်တပ်အာဏာသိမ်းပြီးနောက် ကျန်းမာရေးဝန်ထမ်းများ၏ ပြည်သူ့ဝန်ထမ်းများ အမိန့်အာဏာဖီဆန်မှု(CDM)တွင် ပါဝင်လာခြင်းသည် နိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုစနစ်ကို ထင်ရှားသော အကျိုးသက်ရောက်မှု ဖြစ်ခဲ့သည် (Lin & Oo, 2023)။ အာဏာသိမ်းပြီးနောက်ပိုင်း လက်ရှိအာဏာထိန်းသိမ်း ထားသည့် န.စ.က သည် ပဋိပက္ခ ဖြစ်ပွားနေသည့် ဒေသများရှိ စစ်ဘေးရှောင် နေရပ်စွန့်ခွာပြည်သူများထံ ပေးပို့သည့် ပြည်ပအကူအညီနှင့် လူသားချင်းစာနာ ထောက်ထားမှု အကူအညီများအပြင် ဆေးဝါးများ သယ်ယူပို့ဆောင်ခြင်းကို တားဆီးခြင်း သို့မဟုတ် ကန့်သတ်ခြင်းများပြုလုပ်သည် (2022-SHCC-Myanmar.Pdf,n.d.)။ ထို့ကြောင့် စစ်ရှောင်စခန်းအများစု တွင် ကျန်းမာရေးစောင့်ရှောက်မှု လက်လှမ်းမမီမှုမှာ အဓိကပြဿနာအဖြစ် ပေါ်ပေါက်လာသည်။ ကျန်းမာရေး စောင့်ရှောက်မှု မရရှိနိုင်ခြင်းမှာ လမ်းခရီးအခက်အခဲ၊ ဝေးကွာခြင်းနှင့် အန္တရာယ်ရှိခြင်း၊ ငွေကြေးဆိုင်ရာ အခက်အခဲများနှင့် ကျန်းမာရေးအသိပညာနည်းပါးခြင်း စသည်တို့ကြောင့် ဖြစ်သည်။

### *လမ်းခရီးအခက်အခဲ၊ ဝေးကွာခြင်းနှင့် အန္တရာယ်ရှိခြင်း*

နေရပ်စွန့်ခွာသက်ကြီးများ၏ကျန်းမာရေးစောင့် ရှောက်မှု ရရှိရန် အဓိကအတားအဆီး တစ်ခုမှာ လမ်းခရီးအခက်အခဲ၊ ဝေးကွာခြင်းနှင့် အန္တရာယ်ရှိခြင်း ဖြစ်သည်။Global Protection Cluster Working Group (၂၀၁၀) ၏ သုတေသနတွေ့ရှိချက်အရ နေရပ်စွန့်ခွာ ရွှေ့ပြောင်းနေထိုင်ရသူတို့သည်မလုံခြုံသော ပတ်ဝန်းကျင် တွင်နေထိုင်ရခြင်း၊ ခရီးဝေးကွာခြင်း၊ သို့မဟုတ် သယ်ယူပို့ဆောင်ရေး လုံလောက်မှုမရှိခြင်းနှင့် သက်ကြီးရွယ်အိုများ ခရီးသွားလာမှု၏စိန်ခေါ်မှုများ စသည့် အကြောင်းပြချက်များကြောင့် ရရှိသင့်သော ကျန်းမာရေး စောင့်ရှောက်မှုကို လက်လှမ်းမမီနိုင်ပါ။ မုံရွာမြို့နယ်နှင့် ချောင်းဦးမြို့နယ်တို့ရှိ စစ်ရှောင် စခန်းများသည် ကျန်းမာရေးကိစ္စ ဖြစ်ခဲ့လျှင် ပြည့်စုံ လုံလောက်သည့် ကျန်းမာရေးစောင့်ရှောက်မှု အတွက် အနီးဆုံးဖမိုင်တွင် ရှိသည့် မုံရွာပြည်သူ့ဆေးရုံသို့ သွားကြရသည်။ မုံရွာမြို့သည် န.စ.က ထိန်းချုပ် နယ်မြေတွင် ဖြစ်ပြီး ထိုပြည်သူ့ဆေးရုံသို့သွားလျှင် လမ်းခရီးအခက်အခဲများ ဖြစ်သည့် မြေမြှုပ်မိုင်း ဇရိယာများ၊ စစ်ဆေးရေးဂိတ်များ ကြောင့် အခက်အခဲနှင့် အန္တရာယ်များရှိသည်။

စစ်ရှောင်စခန်းများမှ တွေ့ဆုံမေးမြန်းသည့် အချက်အလက်များအရလည်း မြေပြင်အနေအထားနှင့် လမ်းခရီးခြေအနေများကို လေ့လာတွေ့ရှိနိုင်ပါသည်။ ချောင်းဦး စစ်ရှောင်စခန်းမှ နေရပ်စွန့်ခွာ သက်ကြီးတစ်ဦး

၏ ပြောကြားချက်မှာ- “အရေးပေါ် ကျန်းမာရေးကိစ္စဖြစ်ခဲ့ရင် စစ်ရှောင်စခန်းမှ မုံရွာကိုသွားရတယ်။ ၆မိုင်လောက်ဝေးပါတယ်။ လမ်းကြောင်းကောင်းမကောင်း စုံစမ်းပြီးမှသွားရတယ်” (ချောင်းဦးသက်ကြီး ၆)။ “အရေးပေါ်ကျန်းမာရေးကိစ္စဖြစ်ခဲ့ရင် မုံရွာ ဒါမှမဟုတ် ခင်မွန်ရွာက ဆေးရုံကိုသွားရတယ်။ တစ်နာရီခွဲ နှစ်နာရီ လောက်ဝေးပါတယ်။စစ်ရှောင်လမ်းက သွားရတယ်။ ပကဖတွေ မိုင်းထောင်ထားတဲ့ နေရာတွေ၊ စစ်တပ်ရဲ့ စစ်ဆေးဂိတ်တွေကို ရှောင်သွားရတယ်” (ချောင်းဦး သက်ကြီး၈)။ မုံရွာမြို့နယ် စစ်ရှောင်စခန်းမှ နေရပ်စွန့်ခွာ သက်ကြီးတစ်ဦး၏ ပြောကြားချက်မှာ- “မုံရွာဆေးရုံကြီးကို သွားရတယ်။ ၅မိုင်လောက်တော့ ဝေးတယ်။ စစ်ကြောင်းထိုးတဲ့ အချိန်ဆို သွားရတာ အဆင်မပြေဘူး။ စစ်ကြောင်း မရှိတဲ့အချိန် ဆိုလည်း လမ်းမှာစစ်ဆေးရေးဂိတ်တွေက စစ်ဆေးတာ တွေရှိတယ်”(မုံရွာသက်ကြီး ၈)။ မုံရွာစစ်ရှောင်စခန်း ခေါင်းဆောင် ပြောကြားချက်အရ “အရေးပေါ်ဖြစ်ရင် စခန်းမှာရှိတဲ့ဆိုင်ကယ်တွေနဲ့ဆေးရုံကို ပို့ကြရတယ်။ ဒါ့ပြင် လမ်းခရီးတစ်လျှောက် မိုင်းဇရိယာများ ရှိတဲ့အတွက် အန္တရာယ်တွေလည်း ရှိနိုင်တယ်။ နောက်ပြီး ပအဖဘက်ကရော၊ စစ်တပ်ဘက်ကရော ညမထွက်ရအမိန့်ရှိတဲ့အတွက် ညပိုင်းဆို အခက်အခဲ ရှိတယ် ( မုံရွာ၊ စခန်းခေါင်းဆောင်တာဝန်ခံ)။

အထက်ပါတွေ့ဆုံမေးမြန်းချက်များအရ မုံရွာမြို့နယ်နှင့် ချောင်းဦးမြို့နယ်တို့ရှိ စစ်ရှောင်စခန်းများတွင် သက်ကြီးရွယ်အိုများ၏ ကျန်းမာရေး စောင့်ရှောက်မှုများ မရရှိပေ။ ၆ မိုင်အကွာအဝေး ရှိသော မြို့နယ်ဆေးရုံများသို့ သွားရောက်ကြရသည်။ ထိုသို့သွားရာတွင် လမ်းခရီး၌ အန္တရာယ်အခက်အခဲများ ရှိသည်။ ထို့ပြင် သွားလာရန် သယ်ယူပို့ဆောင်ရေးယာဥ် အခက်အခဲများ နှင့် လမ်းခရီးစရိတ်အခက်အခဲများ ရင်ဆိုင်နေကြရသည်။

### *ငွေကြေးဆိုင်ရာအခက်အခဲများနှင့် စိတ်ကျန်းမာရေး အခြေအနေ*

စစ်တမ်းများလေ့လာထားချက်အရ စစ်တပ်က အာဏာသိမ်းပြီး နိုင်ငံ၏စီးပွားရေး ယုတ်လျော့လာချိန် မှစ၍ တိုင်းပြည်၏ လုံခြုံရေးသည် ယိုယွင်းလာကာ သက်ကြီးရွယ်အိုများ၏ စိတ်အခြေအနေကို သိသာထင်ရှားစွာ ထိခိုက်စေသည့် စိန်ခေါ်မှုမှာ ငွေကြေးအခက်အခဲပင်ဖြစ်သည်(Myanmar_Situational-Overview-of-Older-Peoples-Needs_2023.Pdf,n.d.။ အများစုမှာ မိမိတို့၏ အိမ်များမှ ထွက်ပြေးရသောအခါတွင် ၎င်းတို့၏ ပစ္စည်းများကို ချန်ထားခဲ့ရပြီး အပိုစုဆောင်းငွေ မရှိကြပေ (Phyu, n.d.)။ အထူးသဖြင့် စိတ်ကျန်းမာရေး ပြဿနာများသည် ပဋိပက္ခ နှင့် အကျပ်အတည်း ဒဏ်ခံရသော လူများတွင် အဖြစ်များသည်။ ရုပ်ပိုင်းဆိုင်ရာ ဒဏ်ရာများနှင့်မတူဘဲ၊ စိတ်ဓာတ်ကျခြင်း၊ စိုးရိမ်ပူပန်ခြင်း၊ မိသားစုခွဲခွာခြင်း၊ ကလေးများနှင့် သက်ကြီးရွယ်အိုများကို စွန့်ပစ်ခြင်းများ ကိုလည်း ကြုံတွေ့ခဲ့ရသည် (Marquez, n.d.)။ အထီးကျန်ခြင်း သို့မဟုတ် စိုးရိမ်ပူပန်မှုများသည် သက်ကြီးရွယ်အိုများ၏ စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးကို သိသိသာသာ ထိခိုက်စေနိုင်သည်။ ထို့အပြင် ဝင်ငွေသည် အသက်ကြီးသူများ ကြုံတွေ့နေရသော ငွေကြေး အခက်အခဲကို မီးမောင်းထိုးပြသည့် အဓိက စိုးရိမ်ပူပန်မှု တစ်ခုဖြစ်သည် (Myanmar_Situational-Overview-of-Older-Peoples-Needs_2023.Pdf,n.d.)။

စစ်ရှောင်သက်ကြီးရွယ်အို များသည် ကိုယ်ပိုင်ဝင်ငွေမရှိသူများဖြစ်ပြီး၊ သားသမီးများ ၏ ဝင်ငွေပေါ်တွင်သာ မှီခိုနေထိုင်ရသည့်အချိန်တွင်၊ သားသမီးများသည်လည်း စစ်ရှောင်များသာ ဖြစ်သည့်

အတွက် ဝင်ငွေရလမ်းနည်းပါးသူများ ဖြစ်သည်။ ထို့အပြင် ငွေကြေးကျဆင်းမှုကြောင့်ဆေးဝါးများ၏ ဈေးနှုန်းများ ကြီးမြင့်လာခြင်းသည်လည်းဝင်ငွေနည်းပါးသူ မိသားစုများ အတွက် ဝယ်ယူသုံးစွဲရန် မဖြစ်နိုင်ပေ။ ထိုအချက်များကို အောက်ပါ အင်တာဗျူးအချက်အလက်များက ထောက်ခံ ပြဆိုနေပါသည်။ ထို့ပြင် သက်ကြီးရွယ်အိုများ၏ စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုအများဆုံးဟုလည်း အောက်တွင် ဖော်ပြထားသည့် အင်တာဗျူးဒေတာများအရ သိရှိရသည်။

မုံရွာမြို့နယ် စစ်ရှောင်စခန်းမှ အင်တာဗျူး ဒေတာများမှာ"တစ်ခါတစ်လေတော့သွေးတိုးတတ်တယ်။ စိတ်ပိုင်းဆိုင်ရာလည်း ခံစားရတယ်။ ကိုယ့်မိသားစုနဲ့ ခွဲနေရတယ်။ သားသမီးတွေက စားဝတ်နေရေးအတွက် အလုပ်အကိုင်ရှိတဲ့ဆီကိုသွားနေရတော့ သူတို့အတွက် လည်း စိတ်ပူရတယ်။ စိုးရိမ်စိတ်တွေနဲ့ပဲနေရတယ်" (မုံရွာ သက်ကြီး ၁)။ "အရင်ကရွာမှာဆို လယ်လုပ်တယ်။ အခုက ဝင်ငွေက မရှိဘူး။ စစ်ရှောင်စခန်းနားတစ်ဝိုက်က ရွာတွေဆီမှာ အလုပ်ရှာတော့လည်း အသက်ကြီးတော့ အလုပ်မပေးချင်ကြဘူး။ နေမကောင်းရင်လည်း ကုဖို့ငွေက မရှိဘူး" (မုံရွာ သက်ကြီး ၃)။ ချောင်းဦး စစ်ရှောင်စခန်း မှသက်ကြီးတစ်ဦးက "ဆေးတွေက ထက်ဝက်လောက်ကို ဈေးကြီးတယ်။ ဝင်ငွေကမရှိတော့ ဆေးဝါးထောက်ပံ့ တာလေးတော့ ရချင်တယ်" (ချောင်းဦး သက်ကြီး ၄)။ "ဆေးဝါးထောက်ပံ့တဲ့ အဖွဲ့အစည်းကလည်းမရှိဘူး။ ဆေးဝါးတွေလိုအပ်နေတယ်။ အစားအသောက်၊ ဆေးဝါးတွေအတွက် အလှူရှင်ရှာနေရတယ်။"(မုံရွာ၊ စခန်းခေါင်းဆောင်တာဝန်ခံ)

အထက်ပါစစ်ရှောင်စခန်းများတွင် တွေ့ဆုံ မေးမြန်းမှုများအရ သက်ကြီးရွယ်အို အများစုသည် မိသားစုများနှင့် ခွဲခွာနေထိုင်ကြရသည်။ ထို့ကြောင့် စိုးရိမ်ပူပန်မှု၊ အထီးကျန်မှုနှင့် ကြောက်ရွံ့မှုတို့ကို ခံစားနေကြရသည်။ ထို့ပြင် ဝင်ငွေအခက်အခဲများကြောင့် စိတ်ကျန်းမာရေးကိုလည်း သက်ရောက်မှုများရှိလာသည်။

### *ကျန်းမာရေး အသိပညာဆိုင်ရာ သတင်းအချက်အလက် လက်လှမ်းမီမှု နည်းပါးခြင်း*

နေရပ်စွန့်ခွာသက်ကြီးများ ကျန်းမာရေး စောင့်ရှောက်မှုရရှိရန် နောက်ထပ် အတားအဆီးတစ်ခုမှာ ကျန်းမာရေးအသိပညာဆိုင်ရာ သတင်းအချက်အလက် လက်လှမ်းမီမှု နည်းပါးခြင်း ဖြစ်သည်။ ယခင်က ကျေးလက် ပြည်သူများသည် ကျန်းမာရေးဆိုင်ရာ သတင်းအချက်အလက်များကို လူမှုကွန်ယက်များမှ သိရှိကြသည်။ စစ်တပ်အာဏာ သိမ်းပြီးနောက် စစ်ကိုင်းတိုင်းဒေသကြီးတွင် ဆက်သွယ်ရေးလိုင်းများနှင့် အင်တာနက်လိုင်းများ ဖြတ်တောက်ခံခဲ့ရသည်။ ထို့ကြောင့် ကျေးလက်ဒေသများတွင် လူမှုကွန်ယက်များမှ သတင်းရရှိမှု ခက်ခဲလာပြီး ကျေးလက်ဒေသရှိ သက်ကြီးများသည် ကျန်းမာရေးဗဟုသုတ နည်းပါး ကြရသည်။

ထို့ပြင်သက်ကြီးရွယ်အိုများတွင် အဖြစ်များသော ပြဿနာများမှာ နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ မူးဝေခြင်း၊ မှတ်သုံးရာသီအတွင်း တုပ်ကွေးကဲ့သို့ ရာသီဖျားနာခြင်း၊ အရေပြားရောဂါကူးစက်မှု၊ အဆစ်နာ၊ လေဖြတ်ခြင်း၊ မျက်စိပြဿနာများ အကြားအာရုံဆုံးရှုံးမှုတို့ဖြစ်ကြသည် (Paul, n.d.)။

မုံရွာမြို့နယ်နှင့် ချောင်းဦးမြို့နယ်ရှိ စစ်ရှောင် သက်ကြီးများသည် စစ်ရှောင်စခန်းတွ င်နေထိုင်ကြစဉ် ကျန်းမာရေးဟောပြောပွဲများ တက်ရောက်ဖူးကြောင်း တွေ့ဆုံမေးမြန်းချက်များအရ သိရှိရပါသည်။ ချောင်းဦး မြို့နယ် စစ်ရှောင်စခန်းခေါင်းဆောင်၏ ပြောကြားချက်မှာ "ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့တွေနဲ့ ချိတ်ဆက်ပြီး ကျန်းမာရေး အသိပညာပေးဟောပြောပွဲတွေကို မိုးရာသီ

တို့ တုပ်ကွေးကူးစပ်တတ်တဲ့ အချိန်တွေမှာ ပြုလုပ်ပေးဖြစ်တယ်။ ဆေးရုံဆေးခန်းတွေက ဝေးတဲ့အတွက် အခြေခံကျန်းမာရေးအကြောင်းတို့ တစ်ကိုယ်ရေသန့်ရှင်းမှုအကြောင်းသိပြီး ကြိုတင်ကာကွယ် နိုင်အောင်လုပ်ပေးဖြစ်တယ်။” (ချောင်းဦး၊ စခန်းခေါင်းဆောင်တာဝန်ခံ) မုံရွာမြို့နယ် စစ်ရှောင်သက်ကြီးများမှ “ဒီစခန်းမှာ ကျန်းမာရေးအသိပညာပေးဟောပြောပွဲတွေနားထောင်ဖူးတယ်။ နားထောင်ပြီးတော့ တစ်ကိုယ်ရေသန့်ရှင်းရေး အကြောင်းတွေ သိရှိရတယ်။ ကျန်းမာရေးပိုကောင်းလာတယ်။ ရေချိုးချိန်အစ နေထိုင်မှုပုံစံတွေကွာခြား သွားပါတယ်”(မုံရွာ သက်ကြီး၂)။ “ကျန်းမာရေးဟောပြောပွဲတွေနားထောင်ပြီးနောက် အမြဲတမ်းထိုင်နေတာ မကောင်းဘူးဆိုတာ သိသွားတယ်။ လမ်းလျှောက်တဲ့ လှုပ်ရှားမှုတွေ လုပ်ဖြစ်လာတယ်။ ကိုယ်လက်လှုပ်ရှားမှုတွေရှိအောင်နေထိုင်တတ်လာတယ်”(မုံရွာ သက်ကြီး ၄)။ “ကျန်းမာရေး ဟောပြောပွဲများလာတယ်လို့ကြားတယ်။ နားထောင်စရာ မလိုဘူးထင်လို့နားမထောင်ဘူး။ ဆီးချိုရောဂါရှိတယ်။ အရင်ကလည်းလေဖြတ်ဖူးတယ်” (မုံရွာသက်ကြီး ၁၀)။ ချောင်းဦးမြို့နယ် စစ်ရှောင်သက်ကြီးများပြောကြားချက်များမှာ“ကျန်းမာရေး အသိပညာပေးဟောပြောပွဲ တစ်ခါနားထောင်ဖူးတယ်။ နားထောင်ပြီးတော့ ရာသီဥတုမမှန်တဲ့အခါ ကျန်းမာရေး အထူးဂရုစိုက်ဖို့နှင့် ဝမ်းပျက်ဝမ်းလျှောရောဂါ အကြောင်း သိခဲ့ရတယ် (ချောင်းဦး သက်ကြီး ၇)။ “ကျန်းမာရေး အသိပညာပေးဟောပြောပွဲ တစ်ခါလာတယ်လို့ ကြားလိုက်တယ်။ နားမထောင်လိုက်ရဘူး။ တုပ်ကွေးရာသီဆို ကူးစက်ရာဂါဖြစ်တယ်” (ချောင်းဦး သက်ကြီး ၃)။ “ကျန်းမာရေး အသိပညာပေးဟောပြောပွဲ မတက်လိုက်ရဘူး။ အဲ့အချိန်က နေမကောင်းနေလို့” (ချောင်းဦး သက်ကြီး ၁)။

အထက်ပါအင်တာဗျူးအချက်အလက်များအရ စစ်ရှောင်စခန်းရှိသက်ကြီးများသည် ကျန်းမာရေးဗဟုသုတများ လိုအပ်လျက်ရှိသည်။ ကျန်းမာရေးအသိပညာပေးဟောပြောပွဲများ တက်ရောက်နိုင်ပါကသက်ကြီးရွယ်အိုတို့၏ ကျန်းမာရေး ဗဟုသုတများကြွယ်ဝလာနိုင်ပါသည်။ ကျန်းမာရေး ဟောပြောပွဲများနားထောင်ပြီးနောက် တစ်ကိုယ်ရေသန့်ရှင်းမှု အကြောင်းကို ပိုမိုနားလည် သဘောပေါက်လာကြသည်။ သို့သော်တစ်ချို့သက်ကြီးများက ကျန်းမာရေး ဟောပြောပွဲများနားထောင်ရန်မလိုဟု သဘောထားကြသည်။ စစ်ရှောင်စခန်းများတွင် သက်ကြီးများအတွက် ကျန်းမာရေးဟောပြောပွဲများကို မိုးရွာသီနှင့် ကူးစပ်ရောဂါဖြစ်ပွားချိန်များတွင် (၂)ကြိမ်ခန့်သာလျှင် ပြုလုပ်ပေးသည်ကို တွေ့ရှိရသည်။ ကူးစပ်ရောဂါဖြစ်ပွားချိန်ရောက်မှသာစခန်းခေါင်းဆောင်တာဝန်ခံများမှ ကျန်းမာရေးသတင်းအချက်အလက်များ မျှဝေပေးကြသည်။ ယခုထက် ပို၍ထိရောက်စွာ ဆောင်ရွက်ပေးရန် လိုအပ်သေးသည်။ သို့မှသာ ဗဟုသုတများတိုးပွား၍ ကျန်းမာရေးစောင့်ရှောက်မှုများ ခံယူနိုင်ကြမည်။ သက်ကြီးရွယ်အိုများသည် ရာသီတုပ်ကွေးရောဂါ၊ သွေးတိုးရောဂါတို့ဖြစ်ပွားတတ်သည်။ ထို့ပြင် ပုံမှန်ကျန်းမာရေးစောင့်ရှောက်မှုများလည်း မရှိသေးပေ။ ထို့ကြောင့်ကျန်းမာရေးစောင့်ရှောက်မှု အဓိက လိုအပ်နေကြောင်းလေ့လာတွေ့ရှိရပါသည်။

## နိဂုံး

ပြည်တွင်းနေရပ်စွန့်ခွာ နေထိုင်သူများသည် ပြည်တွင်းရှိအစိုးရမဟုတ်သော အဖွဲ့အစည်းများ (NGOs)နှင့်နိုင်ငံတကာ အဖွဲ့အစည်းများ (INGOs) ၏ အကူအညီများ၊ လူသားချင်းစာနာထောက်ထားမှု အကူအညီ နှင့်ဆေးဘက်ဆိုင်ရာအထောက်အပံ့များကို ပိတ်ဆို့ထားခြင်းများလည်း ရင်ဆိုင်နေကြရသည်။ ၂၀၂၁

ခုနှစ် စစ်တပ်အာဏာသိမ်းနောက် မုံရွာမြို့နယ်နှင့် ချောင်းဦးမြို့နယ် အတွင်းရှိ စစ်ရှောင်စခန်းများတွင် ကျန်းမာရေးစောင့်ရှောက်မှုသည် မရှိသလောက် နည်းပါး သည်။ လမ်းခရီးအခက်အခဲနှင့် အန္တရာယ် ရှိခြင်းသည် သက်ကြီးရွယ်အိုများအတွက် သိသာသော အခက်အခဲပင်ဖြစ်သည်။ စစ်ရှောင်စခန်းများတွင် ရွေ့လျားဆေးပေးခန်းများ၊ အခြေခံလိုအပ်သည့် ကျန်းမာရေး အသိပညာပေးခြင်းများ ပြုလုပ်ရန်လိုသည်။ ထို့ပြင် ငွေကြေးအခက်အခဲနှင့် ကျန်းမာရေး အသိပညာဆိုင်ရာ သတင်းအချက်အလက် လက်လှမ်းမီမှု နည်းပါးခြင်းတို့သည်လည်း သက်ကြီးရွယ်အိုများ၏ ကျန်းမာရေး စောင့်ရှောက်မှုရရန် အတားအဆီးများ ဖြစ်သည်။ ထိုအတားအဆီးများကို လျှော့ချနိုင်ရန် လမ်းခရီးတွင် အန္တရာယ်ကင်းရှင်းရေး၊ အစစ်အဆေးများ လျှော့နည်းရေးနှင့် စစ်ရှောင်စခန်းများတွင် ရသင့်သည့် ကျန်းမာရေးစောင့်ရှောက်ခွင့်များရရှိရန် လိုအပ်သည်။ ကျန်းမာရေးဆိုင်ရာ သတင်းအချက်အလက်များနှင့် အခြေခံကျန်းမာရေးလိုအပ်ချက်ဖြစ်သော တစ်ကိုယ်ရေ သန့်ရှင်းမှုအကြောင်း သိရှိပြီး ဆောင်ရွက်နိုင်ရန် ပညာပေးဟောပြောများလည်း လိုအပ်သည်။ စိတ်ပိုင်းဆိုင်ရာအတွက် သက်ကြီးရွယ်များဘေးတွင် နှစ်သိမ့်နိုင်သည့် မိသားစုများမရှိသည့်အတွက် စိတ်မကျန်းမာမှုလည်း ခံစားကြရသည်။ လူငယ်စေတနာ့ ဝန်ထမ်းများ၊ ရပ်ရွာအခြေပြုဝန်ထမ်းများ ဖွဲ့စည်း၍ နှစ်သိမ့်ဆွေးနွေးမှုများ လိုအပ်လျက်ရှိသည်။ ထို့ပြင် စာပေလေ့လာသုံးသပ်ချက် အရလည်း ဆုတောင်းခြင်း သို့မဟုတ် တရားထိုင်ခြင်းကဲ့သို့သော ဘာသာရေး အလေ့အကျင့်များဖြင့် လျှော့ချနိုင်ကြောင်း တွေ့ရှိရသည်။

## အကြံပြုချက်များ

ဤအကြံပြုချက်များသည် တွေ့ဆုံမေးမြန်းခဲ့သည့် ချောင်းဦးမြို့နယ်နှင့် မုံရွာမြို့နယ်မှ စစ်ရှောင်စခန်း၂ခုတို့ကို အခြေခံထားပါသည်။ ပြည်တွင်း ပဋိပက္ခများ ဖြစ်ပွားနေချိန် ဖြစ်သောကြောင့် အုပ်ချုပ်ရေးတွင် တာဝန်ရှိသည့် န.စ.ကနှင့် ပအဖ အဖွဲ့များတွင် တာဝန်ရှိသည်။

- စစ်ရှောင်စခန်းများသည် ပြည့်သူ့အုပ်ချုပ်ရေး အဖွဲ့များ၏ ထိန်းချုပ်နယ်မြေတွင်ရှိသည့်အတွက် အဖများသည် ကျန်းမာရေးဝန်ဆောင်မှု ပေးရန် အတွက် စခန်းများတွင် ဆေးပေးခန်းများ သို့မဟုတ် ရွေ့လျားဆေးခန်းများကို ဖွင့်လှစ်ပြီး သက်ကြီး ရွယ်အိုများအတွက် ပုံမှန်ကျန်းမာရေး စစ်ဆေးခြင်း နှင့် ဒစ်ဂျစ်တယ် သွေးပေါင်ချိန်ကိရိယာများကို ထားပေးသင့်သည်။
- န.စ.က မှလည်း လူနာတင်ယာဉ်များအား လမ်းခရီးတွင် စစ်ဆေးမှုများ လျှော့ချပေးခြင်း၊ ပြည်ပအကူအညီနှင့် လူသားချင်း စာနာမှုဆိုင်ရာ အကူအညီများအား တားဆီးခြင်းတို့ကို လျှော့ချပေးသင့်သည်။ ထို့ပြင် န.စ.ကတွင် လက်ရှိ နေရပ်စွန့်ခွာနေထိုင်နေထိုင်သူများအတွက် မူဝါဒများ သို့မဟုတ် ဥပဒေများ မရှိသေးပေ။ ထို့ကြောင့် စစ်ဘေးရှောင်များနှင့်ပတ်သက်သော ဥပဒေများ သို့မဟုတ် ကျန်းမာရေးမူဝါဒများကိုလည်း ချမှတ်သင့်သည်။
- အစိုးရမဟုတ်သော အဖွဲ့အစည်း များမှ ကျန်းမာရေး အသိပညာပေး ဟောပြောပွဲများ ပြုလုပ်ပြီး စစ်ရှောင်စခန်း များတွင် ကျန်းမာရေးဆိုင်ရာ ကိရိယာများ ပံ့ပိုးပေးသင့်သည်။ ကျန်းမာရေး စီမံကိန်းများကို ပို၍ လုပ်ဆောင်ပေးသင့်သည်။ ထို့ပြင် စစ်ရှောင်စခန်းများတွင် အခြေခံကျန်းမာရေး စောင့်ရှောက်မှုများနှင့် ရွေ့လျားဆေးခန်းများ ဖွင့်လှစ်ပေးခြင်းဖြင့် စစ်ရှောင်သက်ကြီးတို့၏ ကျန်းမာရေး စောင့်ရှောက်မှုရရှိရန် ဆောင်ရွက်ပေး နိုင်သည်။

- စစ်ရှောင်စခန်းခေါင်းဆောင်များမှ စစ်ဘေးရှောင်များ၏ ကျန်းမာရေးအတွက် လိုအပ်သည့် အလှူရှင်များ နှင့်ချိတ်ဆက် ဆောင်ရွက်ပြီး ပြည်သူများကို တတ်နိုင်လောက်လှူဒါန်းရန် နိုးဆော်ခြင်းများ ဆောင်ရွက် ပေးသင့်သည်။ ကျန်းမာရေးအရေးပေါ်ဖြစ်လျှင် ပို့ဆောင်ရန် ယာဉ်များ စီစဉ်ထားသင့်သည်။ ပအဖများနှင့်ချိတ်ဆက်၍ကျန်းမာရေးလိုအပ်ချက်များကို တင်ပြ၍ အကူအညီတောင်းရန် အကြံပြုအပ်ပါသည်။ ထို့ပြင် စခန်းခေါင်းဆောင်များမှ သက်ကြီးရွယ်များအား စိတ်ဖိဆီးမှုများ လျော့ချနိုင်ရန် ရပ်ရွာအခြေပြု ကျန်းမာရေး ဝန်ထမ်းများ၊ လူငယ်စေတနာ့ ဝန်ထမ်းများ ဖွဲ့စည်းရန်လိုအပ်သည်။
- လူငယ်စေတနာ့ဝန်ထမ်းများသည် သက်ကြီးရွယ်အိုများကို ပုံမှန်စစ်ဆေးရန်၊ အခြေခံကျန်းမာရေး စောင့်ရှောက်မှုများကို သိရှိနားလည်ရန်နှင့် စိတ်ကျန်းမာရေးအတွက် ရပ်ရွာအခြေပြု ကျန်းမာရေး အဖွဲ့အစည်းများ ကို အကောင်အထည်ဖော်ရန် လေ့ကျင့်ပေးသင့်သည်။

## ကိုးကားချက်များ

2022-SHCC-Myanmar.pdf. (n.d.). Retrieved February 29, 2024, from https://insecurityinsight.org/wp-content/uploads/2023/05/2022-SHCC-Myanmar.pdf

Guiding principles on internal displacement—ICRC. (n.d.). Retrieved June 3, 2024, from https://www.icrc.org/en/doc/resources/documents/article/other/57jpgl.htm

Paul, G. (n.d.). Situation of older people and their specific protection issues in Government Controlled Camps in Myitkyina and Bhamo Kachin State, Myanmar November 2014.

Phyu, E. Y. Y. (n.d.). Is Promotion a gender challenge in higher education?

Lin, T. Z., & Oo, S. S. (2023). Assessing Mental Health Services in the Wake of COVID-19 and Political Unrest in Myanmar. https://doi.org/10.14293/PR2199.000253.v1

Marquez, P. V. (n.d.). Mental Health among Displaced People and Refugees: Making the Case for Action at The World Bank Group.

Myanmar_Situational-overview-of-older-peoples-needs_2023.pdf. (n.d.). Retrieved February 29, 2024, from https://www.helpage.org/wp-content/uploads/2023/07/Myanmar_Situational-overview-of-older-peoples-needs_2023.pdf

Handbook for the protection of Internally Displaced Persons, Global protection cluster working Group, UNHCR, 2010.

**Cited as:**

**Shu Shu Kyi.** (2025). *နေရပ်စွန့်ခွာရွှေ့ပြောင်းနေထိုင်ရသောသက်ကြီးရွယ်အိုများ၏ ကျန်းမာရေး စောင့်ရှောက်မှု ရရှိရန် အတားအဆီးများ* [Obstacle for access to Health Care of Displaced Elderly in Myanmar ] (Policy Brief Series No. 2025/1). YCU-RI.